
စိုးမိုးစာပေ



cover : Idea Kyaw & Mg Kyaw Oo

# ပျား

## ရင်ခွင်မှော်

# အခန်း(၁)

ရေတမာပင် ရိပ်အောက်က သစ်သား ခုံတန်းလေးမှာ ငေးငေးရီရီလေး ထိုင်နေသော မြရောင်စိုကို နံ့သာ ခြံဝကတည်းက လှမ်းမြင် နေခဲ့သည် ။

မြရောင်စိုကတော့ နံ့သာ ဝင်လာတာကို သတိထားမိပုံတောင် မပေါ်ပါ။ သက်မဲ့ရုပ်တုလေးလို ငြိမ်သက် တိတ်ဆိတ်နေ၏။

ပခုံးသာသာရှိသည့် ဆံနွယ် ပျော့ပျော့လေးတွေကို အပြောင် လှန်သိမ်းကာ ကုပ်သားလေး အနောက်မှာ ပိုးသား ပျော့ကွင်းလေးနှင့် စုနှောင်သိမ်းထားသည် မို့ ရှင်းသန့် နုဖပ်နေသော မျက်နှာလေးက ထင်းရှင်း ဝင်းပနေသည် ။

အနီရဲရဲ တီရှပ် လက်တိုလေးနှင့် အဖြူရောင် စကက်ရှည်လေးကို ဝတ်ဆင် ထားတာမို့လည်း ဝင်းမွတ်နေသော အသားရောင်ကို ပေါ်လွင်စေ၏။

ပြစ်မျိုးမှဲ့ မထင် လှပ ချောမောလွန်းသော မြရောင်စိုကို ငေးကြည့်ရင်း နံ့သာ တစ်လှမ်းချင်း လျှောက်ခဲ့သည် ။

အနီးရောက်ခါနီးမှ ဖျောက်ခနဲ နင်းချိုးမိသော သစ်ကိုင်းခြောက်ကျိုးပဲ့သံကြောင့် မြရောင်စို ညင်ညင် သာသာလေး လှည့်ကြည့်၏။

"ဩော် နံ့သာ နင် ဘယ်တုန်းက ရောက်လာတာလဲ"

နှုတ်ဆက် အပြုံး ယဲ့ယဲ့ကလေးနှင့် အမေး စကားသံကလေး ချိုသာနွဲ့ပျောင်းလွန်းသည် ။

အချစ်ဆုံး သူငယ်ချင်းမလေးရဲ့ ရင်ထဲကို နံ့သာ အထင်အရှား မြင်တွေ့ သိမြင် နေသလိုပါပဲ။

"ငါ အခုလေးတင် နင့်ရှေ့က ခြံထဲကို ဝင်လာတာပဲလေ စိုရဲ့ "

"ဟုတ်လား ငါ မမြင်လိုက်ဘူး၊ အဟင်း အတွေး လွန်နေလို့ နံ့သာရဲ့ "

ဆေးရောင် မတင်ဘဲနဲ့ နဂို စိုလဲ့ နီမြန်းသော နှုတ်ခမ်းလေးတွေ ခပ်ဟဟ ရယ်မောပြီး မြရောင်စို ဆိုပေမဲ့ နံ့သာ လိုက်တောင် မပြုံးဖြစ်ပါ။

စို နံဘေးမှာ ဝင်ထိုင်ရင်း ကရုဏာရိပ် လွှမ်းသော မျက်နက်ဝန်းလေးတွေနှင့် ကြည့်လာသော မေနံ့သာကို စို ငေးငေးလေး ပြန်ကြည့်မိ၏။

ပန်းနုရောင် လက်ပြတ်ခါးတို အင်္ကျီလေးနှင့် ချပ်ရပ်စွာ ဝင်ဆင်ထားသော မေနံ့သာ ဆိုတာ စိုရဲ့ ညီအစ်မ ရင်းချာလို ချစ်ခင်ရသော သူငယ်ချင်း မလေးပဲ ဖြစ်သည် ။

ငယ်ပေါင်း ကြီးဖော်တွေ မဟုတ်ခဲ့ပေမဲ့ တက္ကသိုလ်မှာ မေဂျာတူ အတန်းတူ တက်ပြီး ညီအစ်မတွေပမာ ခင်မင် တွယ်တာ ခဲ့ကြတာ ဖြစ်၏။

"နင် အရမ်း ခံစားနေရသလား ဟင် စို"

နံ့သာ အမေးက အဆက်အစပ် ကင်းမဲ့ပေမဲ့ ဘာကို ရည်ညွှန်းသလဲ ဆိုတာ စို ချက်ချင်း သဘောပေါက်သည် ။

"ဟင့်အင်း အဲဒီလောက်ကြီး မဟုတ်ပါဘူးဟာ အေးဆေးပါပဲ"

ရင်ထဲက ခံစားချက်အတိုင်း စို ပြောလိုက်တာ ဖြစ်ပေမဲ့ နံ့သာ ယုံကြည်ဟန် မတူပါ။

ချစ်သူက ဥပေက္ခာပြု စွန့်လွှတ်သွားခဲ့သော သူငယ်ချင်း အတွက် စိတ်မကောင်းခြင်းထက် ပိုမိုသော အရိပ်တွေ နံ့သာ မျက်ဝန်းထဲမှာ မြင်တွေ့ နေရသည် ။

အင်းလေ စိုကို ဥပေက္ခာပြု ရက်စက် သွားခဲ့သည့် ယောကျ်ားက နံ့သာရဲ့ ဝမ်းကွဲအစ်ကို တစ်ယောက် ဖြစ်နေတာ ဆိုတော့လည်း ...

"ငါ တကယ် စိတ်မကောင်းဘူး စို၊ ပြီးတော့ နင် ငါ့ကို စိတ်ဆိုးနေမှာလည်း စိုးတယ်"

နံ့သာ စကားကြောင့် စို နှုတ်ခမ်းက အပြုံးတွေ မျက်ဝန်းလေးတွေထဲ အထိ ရောင်စဉ် ဖြာခဲ့သွားရင်း နံ့သာ ပခုံးလေးကို နှစ်လိုစွာ လှမ်းပြီး ဆုပ်ကိုင်လိုက်သည် ။

"အဟင်း မဆိုင်ပါဘူး နံ့သာရယ်၊ ဖူးစာ မပါလို့ လွဲရတာပဲ၊ နင့်ကိုလည်း ဘာမှ စိတ်ဆိုးစရာ မရှိပါဘူး၊ ဟိုက သူ့စိတ်နဲ့ သူ ဆုံးဖြတ် သွားတာပဲဟာ၊ နင်က အနေသာကြီးလေ"

"ဒါပေမဲ့ ကိုထက်က ငါ့အစ်ကို ဖြစ်နေတော့ ငါ စိတ်မကောင်းဘူး၊ ပြီးတော့ နင်တို့ နီးစပ်အောင် ဖန်တီးပေးခဲ့တဲ့ ငါလည်း ပယောဂ မကင်းဘူးလို့ ခံစားရတယ်"

ခုချိန်အထိ စိုးရိမ်မကင်း ခံစားနေသော နံ့သာကို ကြည့်ရင်း စို တည်ငြိမ်စွာနှင့်ပဲ နှစ်သိမ့် ဖြေရှင်းပြ မိပြန်သည် ။

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုထက်ကို ငါလက်ခံခဲ့တာ အချစ်ဆိုတာထက် မငြင်းသင့်တဲ့ သူ၊ ယောကျ်ား ပီသတဲ့ သူလို့ ထင်မိလို့ ခေါင်း

ညိတ်ခဲ့တာ သက်သက်ပါ။ အခုလို ထင်မြင်ချက်တွေ တလွဲ ဖြစ်သွားတော့လည်း ကောင်းတာပဲလေ"

စို လက်ကလေးကို နံ့သာ အုပ်မိုး ဆုပ်ကိုင်ရင်း စူးစူးနစ်နစ်ကလေး ကြည့်သည် ။

"နင် ကိုထက်နဲ့ ပတ်သက်ပြီး ခံစားနေသလား။ လွမ်းနေသလား ဟင် စို"

"လွမ်းလောက်အောင် မခံစားရတာ သေချာတယ် နံ့သာ အားမနာတမ်း ပြောရရင် ကိုထက်ကလည်း အချစ်ကို တန်ဖိုးထားတတ်တဲ့ လူတစ်ယောက်မှ မဟုတ်ခဲ့ဘဲဟာ"

စို စကားကို နံ့သာ စိတ်မဆိုးနိုင်ဘဲ ခေါင်းကလေး ညိတ် ထောက်ခံရင်း

"စိုရယ် ငါ ကိုထက်ကို အူယားလိုက်တာ တကယ်ပဲ၊ သူ ဘာကြောင့် နင့်ကို စွန့်ပစ်ပြီး အခုလို လုပ်သွားသလဲ တွေးမတိုင်း စဉ်းစားမရဘူး သိလား"

"ငွေလေ ငွေကြောင့်ပေါ့ နံ့သာရဲ့ ၊ အခု သူ စေ့စပ်လိုက်တဲ့ ကောင်မလေးက တစ်ဦးတည်းသော သမီး၊ မက်မောစရာ အမွေ ဥစ္စာဓနတွေက ငါ့ထက် အပုံကြီး သာလွန်တာ အထင်အရှားလေ၊ ဒီတော့ သူ ရွေးချယ်တာ မလွန်ပါဘူး"

"နင် ခန္တီပါရမီ ကျင့်နေတာလား စိုရယ်"

နံ့သာ၏ အမေး စကားကြောင့် စို နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ ပြုံးလိုက်ရင်း

"ငါလည်း လူထဲက လူတစ်ယောက်ပဲ နံ့သာရယ်၊ စိတ်ထဲမှာ တော့ ခံ

ရခက်ခက် ဖြစ်တယ်၊ နာကျင်တာတို့ ၊ မုန်းတာတို့ လွမ်းတာတို့ တော့ မခံစားရတာ အမှန်ပဲ၊ ဘာလို့ ဆိုတော့ ကိုထက် ဆိုတဲ့ ယောကျ်ားကို ငါ စွဲစွဲလန်းလန်း ချစ်ခဲ့တာမျိုးမှ မဟုတ်ဘဲ နင် သိပါတယ်၊ ဒါပေမဲ့ မခံချိမခံသာ ဖြစ်မိတာ လိမ်ညာ လှည့်ဖြား ခံလိုက်ရသလို ခံလိုက်ရတာကိုလေ၊ ဘယ်တော့မှ မမေ့ဘူး။ မှတ်ထားတယ်၊ ယောကျ်ား တစ်ယောက်ကြောင့် နောက်တစ်ခါ ဒီလို မခံစားရအောင် ကြိုးစားရမှာ ပေါ့ဟာ"

စို စကား၊ စို ခံစားချက်တွေကို နားလည် လက်ခံစွာနှင့် နံ့သာ ခေါင်းကလေး တဆတ်ဆတ် ညိတ်နေသည် ။

တကယ်ဆို ဒီကိစ္စမှာ အစ်ကိုဝမ်းကွဲ လုပ်ရပ်က လွန်တာကို နံ့သာ သိပါသည် ။ ပြီးတော့ သွေးရင်းချာတွေ ထက်တောင် နံ့သာ ပိုခင်တွယ်သံယောဇဉ်ကြီးမိသူက သူငယ်ချင်း မြရောင်စိုကို ဖြစ်ပါသည် ။

နုနုရွရွကလေး မပြင်မဆင်ဘဲနှင့် လှသော မြရောင်စိုကို စွန့်ခွာပြီး ကိုထက် ရွေးချယ်သွားသူက ရုပ်ရည်မှာ မြရောင်စိုကို ဘယ်လိုမှ မယှဉ်သာတာတော့ သေချာသည် ။

တစ်ဦးတည်းသော သမီးတွေချင်းတော့ တူညီပေမဲ့ ထိုအမျိုးသမီး၏ အသိုင်းအဝန်းက ထည်ဝါ ပြည့်စုံသည် ။ မပြည့်မစုံဘဝ မဟုတ်သည့်တိုင် မြရောင်စိုတို့ အသိုင်းအဝန်း အခြေအနေထက် အပုံကြီး သာလွန်သည် ။

ဒီအချက် တစ်ချက်နှင့်တင် စိုကို ဥပေက္ခာပြုကာ သစ်စိမ်းချိုးချိုးသွားသည့် အစ်ကို ဝမ်းကွဲ ကိုထက်ကို နံ့သာ ကိုယ်တိုင်လည်း ခါးခါးသီးသီး ပြောဆိုပစ်ခဲ့၏။

ကိုယ့်အပြစ်နှင့်ကိုယ် ကိုထက်ကလည်း နံ့သာကို ခွန်းတုံ့မပြန်ဘဲ ငြိမ်သက် ခံယူခဲ့သည် ။

မြရောင်စိုကို မြင်တွေ့ပြီး ချစ်လှပါသည် ကြိုက်လှပါသည် တပူပူ တဆာဆာ လုပ်စဉ်ကတော့ နှံ့သာ လိုလားစွာ ကူညီပေးခဲ့သည် ။

ညီအစ်မရင်းချာလို ချစ်ရသော သူငယ်ချင်းမလေးကို ကိုယ့်အစ်ကို ဝမ်းကွဲနှင့် ဖူးစာ ဆုံစေချင်တာကြောင့် ပါပဲ။

အခုတော့ ကြားထဲက ကိုယ့်မှာ မျက်နှာပူရ ဒေါသဖြစ်ရကာ နောင်တတွေ ရမဆုံးတော့ပါ။

"နှံ့သာ နင် ဘာတွေ စဉ်းစားနေတာလဲ"

ပခုံးလေးကို ဆုပ်ကိုင်ပြီး စိုမေးလာမှ ပဲ နှံ့သာ အတွေးတွေထဲက ခေါင်းကလေး ခါယမ်း ရုန်းထွက်ပစ်ရင်း

"ဟင့်အင်း ဘာမှ မစဉ်းစားပါဘူး၊ ကိုထက်နဲ့ ပတ်သက်ပြီး နင် ဘာမှ မခံစားရဘူးဆိုရင် ဝမ်းသာတယ်၊ ငါလည်း ကိုထက်ကို ဆွေခန်းပြတ်ကောပစ်လိုက်ပြီးပြီ"

"အဲဒီကိစ္စ ခေါင်းထဲက ထုတ်ပစ်လိုက်တော့ နှံ့သာ၊ အခု ငါ ဗိုက်ဆာနေတယ်၊ တို့ တစ်ခုခု သွားစားကြရအောင်"

"သွားမယ်လေ ငါ့မှာ စက်ဘီးပါတယ် ဆီချက်စားပြီး အအေး သောက်ချင်တယ် ဘယ်လိုလဲ"

"သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ သွားရအောင်"

နှစ်ယောက်သား လက်ချင်းတွဲလို့ ခုံတန်းလေးက ထရပ်လိုက်ကြ၏။ မြရောင်စို မျက်နှာလေးက သောကရိပ်တို့ ကင်းစင် ငြိမ်းချမ်း နေခဲ့တာတော့ သေချာသည် ။

ဒါ ဟန်ဆောင်နေခြင်း မဟုတ်ဟု နှံ့သာ ယုံသည် ။

တကယ်ဆို ကိုထက်ကို ခေါင်းညိတ်ခဲ့သော ကိစ္စမှာ အချစ် ဆိုတာထက် နံ့သာရဲ့ အစ်ကို ဝမ်းကွဲဆိုသော စိတ်က ရာခိုင်နှုန်း အပြည့်နီးပါး ပါဝင်ခဲ့တာကြောင့် ဖြစ်သည် ။

စိုရဲ့ ဖြူသော နှလုံးသားလေးမှာ အချစ်ဆိုတာကို ရင်ခုန်ခြင်း စစ်စစ်နှင့် မမွေးဖွား သေးခဲ့တာတော့ သေချာ၏။

ဖြူစင်လွန်းတဲ့ သူငယ်ချင်းမလေးကို နံ့သာ ဟိုးအရင်ကထက် ပိုလို့ ခင်မင်သွားရတာ အမှန်။

***

# အခန်း(၂)

ညော့်ခန်းထဲက ဆိုဖာထိုင်ခုံမှာ ငြိမ်ငြိမ်ကလေး ထိုင်ကာ စာဖတ်နေသော မြဲမြဲတည်ကို ဒေါ်ခင်ခင်လွန်း တစိမ့်စိမ့် ငေးကြည့်နေမိသည် ။

တစ်ဦးတည်းသော သားလေးမို့ သူမ အသက်မက ချစ်သည် ။ ငယ်စဉ်ကတည်းက ရွှေလိုဥကော အရိပ်ကြည့် ယုယခဲ့ရသော သားလေးကလည်း နွဲ့နွဲ့ကလေး ချောမောသူ ဖြစ်သည် ။

နုဖပ် ဝင်းမွတ်သော မျက်နှာလေးနှင့် အသားအရေက ဖြူသည် လည်း မဟုတ်ဘဲ ဝင်းမွတ် ညက်ညောအောင် ချောမောတာမို့ ဖခင်ဖြစ်သူက နည်းနည်းတော့ အလိုမကျချင်။

"ငါ့သားလေး ပျော့ညံ့ညံ့တော့ မဖြစ်စေချင်ဘူးကွာ၊ ယောကျ်ားပီပီသသ ချောမောတာပဲ ကြိုက်တယ်"

ဦးကျော်ကျော်လွင်က ဖြူဖြူနုနုနှင့် မိန်းမချောချောသော သားကို နွေကျောင်းပိတ် ရက်တွေမှာ အားကစားကို လိုက်စားစေသည် ။

ဒါကြောင့်လည်း မြဲမြဲတည်သည် လူပျိုပေါက်အရွယ် ရောက်တော့ ယောကျ်ားပီသ ခန့်ထည်သော ခန္ဓာကိုယ်နှင့် မြင့်မားသော အရပ်အမောင်းနှင့် မြင်သူ ငေးလောက်အောင် ခန့်ညားသော သူတစ်ယောက် ဖြစ်လာခဲ့သည် ။

ရုပ်ရည်က ရှင်းသန့် ချောမောသလို မိခင်ဖြစ်သူရဲ့ အရိပ်အောက်မှာ

ယုယကြင်နာမှု ပြည့်ဝအောင် ခံယူခဲ့ရသူမို့ အပြောအဆို သိမ်မွေ့ ယဉ်ကျေးသည် ။

စကားပြော အနေအထိုင်က အစ နူးညံ့သော မြမြတည်သည် ဒေါ်ခင်ခင်လွန်း အတွက် လိမ္မာယဉ်ကျေးသော သားလိမ္မာ တစ်ယောက်ပါပဲ။

ပြည့်စုံ ချမ်းသာသော မိဘ အမွေအနှစ်တွေကြောင့် မြမြတည် ဘဝမှာ ဘာမှ လိုလေးသေး မရှိခဲ့ပါ။

ငွေကြေးခနေ ပြည့်စုံသော ဘဝက ပေါက်ဖွားလာသူ ဖြစ်သည့်တိုင် မြမြတည်က ခက်ထန် မောက်မာသော စိတ်ဓာတ် မရှိပါ။

မိဘတွေ ကိုယ်တိုင်က သဘောထား ပြည့်ဝကြသူများ မို့ ဘယ်လို အဆင့်အတန်းမျိုးကိုပဲ ဖြစ်ဖြစ် လိုက်လှဲ ဖော်ရွေစွာ ဆက်ဆံ နေထိုင်တတ်သည် ။

မြမြတည် ကိုယ်တိုင်ကလည်း အားလုံးကို တူညီသော စိတ်ထားနှင့် ခင်မင်ဆက်ဆံ ပေါင်းသင်းတတ်ခဲ့၏။

ကွန်ပျူတာ တက္ကသိုလ်က ဘွဲ့တစ်ခု ပိုင်ဆိုင်ခဲ့ပြီးသော မြမြတည်သည် အဆင်းရော အချင်းပါ ပြည့်စုံသူဟု ဆိုရမည် ဖြစ်သည် ။

သည် အချိန် သည် အရွယ်အထိ မိဘစကားကို မဆန့်ကျင်သော သားလေးသည် ခုချိန်မှာ လည်း ဖခင်ဖြစ်သူရဲ့ ကုမ္ပဏီမှာ အားကိုးအားထား ပြုနေရပြီ။

အလုပ် နားရက်တွေမှာ ကွန်ပျူတာ ဂိမ်းကစားခြင်းနှင့် စာဖတ်ခြင်းမှာ ပဲ မွေ့လျော်တတ်သည့် သားကို တစိမ့်စိမ့်ကြည့်ရင်း သူမ ပီတိတွေ ဝေဖြာနေမိတာတော့ အမှန်။

"သားလေး"

ဒေါ်ခင်ခင်လွန်း နူးနူးညံ့ညံ့လေး လှမ်းခေါ်တော့ မြမြတည် ဖတ်လက်စ စာအုပ်လေး ပိတ်ကာ လှမ်းကြည့်သည် ။

ဖခင်ဖြစ်သူ ဦးကျော်ကျော်လွင်လည်း သတင်းစာ ဖတ်နေရာမှ မျက်လွှာပင့် ကြည့်၏။

"မေမေ ဘာပြောမလို့ လဲ ပြောလေ"

မြမြတည် ဆိုတော့ ဒေါ်ခင်ခင်လွန်း အပြုံးရိပ်ကလေး မပြယ်သေးဘဲ သားဖြစ်သူရဲ့ ဆိုဖာထိုင်ခုံအနီး ပြောင်းရွှေ့ထိုင်သည် ။

"သားကို မေမေ ပြောစရာ ရှိလို့ သား၊ တခြား မဟုတ်ပါဘူး မေမေတို့ မိသားစု သုံးယောက်တည်းရှိတဲ့ အိမ်ကလေးက ခြောက်သွေ့ နေသလိုပဲ"

မိခင်ဖြစ်သူ စကားကြောင့် မြ နားမလည်နိုင်စွာ မျက်ခုံးနှစ်ဖက် တန်းခနဲ ဖြစ်သွားရင်း လက်ထဲက စာအုပ်ကို စားပွဲပေါ် တင်သည် ။

"မေမေ ဘာကို ဆိုလိုတာလဲဟင်၊ အိမ်မှာ မေမေ တစ်ယောက်တည်း နေနေရတာ ပျင်းနေလို့ လားဟင်"

"ဒါပေ့ါ သားရဲ့ သားက အဖေကြီးနဲ့ ကုမ္ပဏီ လိုက်သွားတော့ မေမေ တစ်ယောက်တည်း ကျန်ရစ်ခဲ့တာ နေ့စဉ်ပဲလေ၊ မေမေနဲ့ မိအေး နှစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့တာ ပျင်းစရာပေ့ါ"

"ဒါဆိုလည်း မေမေ့စိတ်ကြိုက် အိမ်ဖော်တစ်ယောက် ထပ်ခေါ်လေ မေမေ၊ သားက မေမေ့ကို ဘာမှ မလုပ်စေချင်ဘူး၊ မိအေး တစ်ယောက်တည်း မနိုင်ရင်"

" မဟုတ်ဘူး သားရဲ့ ၊ မေမေ ပြောနေတာ အဲဒါ မဟုတ်ဘူး "

ဒေါ်ခင်ခင်လွန်း ပျာပျာသလဲ ငြင်းတော့ မြဲ နားမလည်နိုင်စွာ နှုတ်ဆိတ် နားစွင့်နေပြန်သည် ။

ဦးကျော်ကျော်လွင်က ဒေါ်ခင်ခင်လွန်းကို ပြုံးပြုံးကြီး ကြည့်ရင်း လက်ထဲက သတင်းစာကို ခေါက်ပြီး စားပွဲပေါ် တင်၏။

"အင်း ခင်တော့ ဝေ့လည်လည် လုပ်နေပြီ သား နားလည်အောင် ပြောလေကွာ"

"ကိုလွင်လည်း သိနေတာပဲ ဥစ္စာ၊ ကိုလွင် ပြော လိုက်လေ"

"ပြောလက်စနဲ့ ခင်ပဲ ပြောလိုက်ပါကွာ"

ဖေဖေနှင့်မေမေ ဘောလီဘော ပုတ်သလို အပြန်အလှန် ပုတ်နေတာ ကြည့်ရင်း မြဲ တကယ့်အူတူတူ ဖြစ်နေသည် ။

ဒေါ်ခင်ခင်လွန်းက ခင်ပွန်းဖြစ်သူကို မျက်စောင်းကလေး ထိုးရင်း မြဲဘက် ပြန်လှည့်လာ၏။

"ဒီလို သားရဲ့ မေမေတို့ က သားကို အိမ်ထောင်ပြုစေချင်ပြီ"

"ဗျာ"

မထင်မှတ်သော စကားမို့ မြဲ အံ့သြကာ ပါးစပ် အဟောင်းသား ဖြစ်သွားသည် ။ သေသေသပ်သပ် ခပ်တိုတို ညှပ်ထားသော ဆံနွယ်ပျော့တွေထဲ လက်ချောင်းတွေ ထိုးသွင်းဖွရင်း

"မဟုတ်တာ မေမေကလည်း ကျွန်တော် လက်မထပ်ချင် သေးပါဘူး၊ အိမ်ထောင်ပြုရမယ့် အရွယ်မှ မဟုတ်သေးတာ"

"သားအသက် နှစ်ဆယ့်သုံးနှစ် ရှိနေပြီ၊ သားဖေဖေရဲ့ လုပ်ငန်းထဲမှာတောင် အားကိုးရတဲ့ အရွယ် ရောက်နေပြီ သားရဲ့ "

ဒေါ်ခင်ခင်လွန်း ဆိုတော့ မြ မိခင်ဖြစ်သူကို ပြုံးပြုံးလေး ကြည့်ရင်း

"မေမေ အမြဲ ပြောတယ်လေ ငါ့သားက ကလေးလေးပဲတဲ့ "

မြဆိုတော့ ဒေါ်ခင်ခင်လွန်း သဘောကျစွာ ပြုံးရင်း မြပခုံးလေးကို ဖွဖွလေး ဖက်သည် ။

"မေမေ့အတွက်တော့ သားက အမြဲတမ်း ကလေးလေးပဲ ပေါ့ကွယ်၊ ဒါပေမဲ့ သား ပညာတတ်ကြီး ဖြစ်နေပြီ၊ မိဘအလုပ်မှာ လည်း တာဝန်ယူနိုင်နေပြီ၊ အဲဒီအရာတွေ အားလုံးထက် မေမေ သဘောကျ ကျေနပ်နေတာ အခုချိန်ထိ ချစ်သူ ရည်းစား မရှိသေးတာကိုပဲ"

"ဒါနဲ့ များ မေမေရယ် သားကို အိမ်ထောင်ပြုစေချင် နေသေးတယ်"

မေမေက သူ့ခေါင်းက ဆံပင်တွေကို ညင်သာစွာ သပ်တင် ယုယပေးနေရင်း အပြုံးရိပ်တို့ မပြယ်သော မျက်နှာလေးနှင့် ငေးငေးလေး ကြည့်၏။

"အိမ်ထောင်ပြု စေချင်တာ စောစောက မေမေပြောသလို မေမေတို့ အိမ်ကလေးမှာ ပြည့်စုံ စိုပြည်ချင်လို့ သားရဲ့ ၊ ချွေးမ အလိမ္မာလေးနဲ့ မြေးလေးတွေနဲ့ ပျော်စရာ မိသားစု ဘဝလေးကို မေမေ ပိုင်ဆိုင်ချင်တာ "

မိခင်ဖြစ်သူ စကားကြောင့် မြ မျက်နှာလေး နီမြန်းသွားသည် ။ ဘွဲ့တစ်ခု ပိုင်ဆိုင်ကာ မိဘအလုပ်မှာ ဝင်ကူနိုင်ပေမဲ့ အရွယ်ရောက်နေခဲ့ပြီ ဆိုပေမဲ့ မြဘဝမှာ ချစ်သူ ရည်းစား တစ်ယောက်တောင်မှ မထားခဲ့ဖူးပါ။

ကျောင်းမှာ တုန်းက ခင်မင်စွာ တွဲခဲ့သူတွေကလည်း ယောကျ်ားလေး သူငယ်ချင်း အများ စုပဲ ဖြစ်သည် ။

မြရဲ့ အနားမှာ အရိပ်လို အရေးတယူ ရှိသော မိန်းကလေး သူငယ်ချ

င်းတွေလည်း မရှိမဟုတ် ရှိသည် ။

ဒါပေမဲ့ ပညာရေးကလွဲလို့ အချစ်ကို မြဲ အာရုံ မဝင်စားခဲ့ပါ။ မြဲကိုမှ တွယ်တာနေသော မိန်းကလေးတွေ၏ ရေလာမြောင်းပေး အပြုအမူ တွေကိုလည်း မြဲ ဥပေက္ခာပြု ရှောင်တိမ်းခဲ့သည် ။

ဒါကြောင့် အချစ်ဆိုတာ မြဲအတွက် ဘာမှ မသိသော ဘာသာရပ် တစ်ခုပမာ ဖြစ်နေခဲ့သည် ။ နဂိုစိတ်က နူးညံ့ ယဉ်ကျေးသော မြဲအတွက် မေမေ့စကားတွေက နည်းနည်းတော့ ထူပူ ရှက်ရွံ့စေ၏။

"မေမေ့သား လိမ္မာလေး မတွေ့သင့်တဲ့ မိန်းကလေးတွေနဲ့ ဆက်နွှယ်သွားမှာ လည်း မေမေ စိုးရိမ်တယ် သား၊ မေမေတို့ လည်း အသက်တွေ ကြီးပြီလေ၊ မိသားစု ဘဝလေးကို ပိုင်ဆိုင်ခံစား သွားချင် သေးတယ် သား"

"ဒါဆို သား အကြံတစ်ခု ပေးမယ်လေ မေမေရဲ့ ၊ မေမေက ကလေးတွေ သိုက်သိုက်ဝန်းဝန်းနဲ့ နေချင်တာ မဟုတ်လား"

"လုပ်စမ်းပါ သားရဲ့ ၊ သားအကြံကို ဖေဖေတောင် စိတ်ဝင်စား သွားပြီကွ"

စကားဝိုင်းမှာ ဘာမှ ဝင်မပြောဘဲ နားထောင် ငြိမ်သက်နေသူ ဖေဖေ ရဲ့ အမေးကြောင့် မြဲ စိတ်ကူးကို ပြောပြမိသည် ။

"ဒီလိုလေ ဖေဖေရဲ့ သားတို့ ခြံထဲမှာ နေ့ကလေးထိန်း ဂေဟာလေး ဖွင့်လိုက်ရင် မေမေ့ဆန္ဒ ပြည့်သွားမလားလို့ "

"ဟေ အေး သား အကြံကောင်းတယ်ကွ ဟား ဟား"

ဖေဖေ သဘောကျစွာ ရယ်သည် ။ မေမေက အမြဲ ခေါင်းကလေးကို မနာကျင်အောင် ခေါက်ရင်း

"ကောင်လေး မေမေ့ကို နောက်ရသလား"

"ကန်တော့နော် မေမေ သားက ရယ်စရာ ပြောတာပါ"

မြဲ လက်အုပ်ကလေးချီကာ တောင်းပန်သည် ။ အပြုအမူလေးတွေက အစ ချစ်စရာ ကောင်းသော သားကို ကြည့်ကာ ဒေါ်ခင်ခင်လွန်း စိတ်မချနိုင် ဖြစ်နေခဲ့တာ ကြာပြီ။

တစ်ဦးတည်းသော သားလိမ္မာလေး အနာဂတ်မှာ သားနဲ့ ထပ်တူညီပြီး ချစ်စရာ ကောင်းသော သမီးလေးနဲ့ ပဲ မိသားစု ဘဝလေး ရှင်သန် စေချင်ပါသည် ။

"ကဲ သား မေမေ့စကားကို ဖြေပါဦး၊ မေမေတို့ မရှိတော့တဲ့ အချိန်မှ သားလည်း မိသားစု ဘဝလေးနဲ့ တည်တည်ငြိမ်ငြိမ် ရှိစေချင်တယ်"

"ဟာ မေမေကလည်း နိမိတ်မရှိ နမာမရှိ"

မိခင်ဖြစ်သူ စကားကို မကြားရက်သလို မြဲဆိုတော့ ဖေဖေက အရယ်မျက်နှာကို တည်ငြိမ်အောင် ထိန်းရင်း

"သား မေမေ ပြောတာ အမှန်ပဲ သား၊ လူ့ဘဝဆိုတာ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် အဆုံးသတ်နိုင် သေးသတဲ့ ၊ ဖေဖေတို့ အရွယ်က မကြာခင် တတိယအရွယ် ရောက်တော့မှာ ၊ သားကို လောကကြီးထဲမှာ စိတ်ချလက်ချ ရှိခဲ့ချင်တယ်၊ မြေးတွေ မြစ်တွေနဲ့ နေထိုင်ချင် သေးတယ်၊ ပြီးရင် တရားဓမ္မလုပ်ပြီး နောင်ဘဝအတွက် ဖေဖေ မေမေတို့ မှာ လုပ်စရာတွေ ရှိသေးတယ်လေ သားရဲ့ "

ဖေဖေ့စကားတွေက တကယ့်ကို တည်ငြိမ် လေးနက်နေသည် ။ မြဲမျက်နှာလေး တည်ငြိမ်စွာနှင့်

"ဖေဖေ မေမေတို့ စိတ်ချမ်းသာ စေချင်ပါတယ်၊ သားမှာ ချစ်သူမရှိ

တော့ မေမေတို့ စိတ်တိုင်းကျ ရွေးချယ်ပါ၊ သား မငြင်းပါဘူး"

မြဲ စိတ်ရင်းခံအတိုင်း ပြောမိခြင်း ဖြစ်သည် ။

ဘဝမှာ နွေးထွေး ပြည့်စုံသော ယုယမှု အကြင်နာများ စွာကို မိဘနှစ်ပါးကပဲ ပေးခဲ့သည် ။

မိဘတွေရဲ့ အကြွင်းမဲ့ မေတ္တာကိုလည်း မြဲ ယုံပါသည် ။

အချစ်ဆိုတာ နွေးထွေး အေးမြသော မေတ္တာအရိပ်ဟု သာ နှလုံးသားက လက်ခံ သိထား ခဲ့တော့လည်း

မြဲမြဲတည်သည် သားလိမ္မာပီပီ ခေါင်းကလေး ညိတ်ရုံမှ တစ်ပါး ...။

***

# အခန်း(၃)

"စို"

"ဘာလဲ နံ့သာ"

"နင့်နောက်ကို ကောင်လေး တစ်ယောက် လိုက်လာတယ်"

နံ့သာ စကားကြောင့် မြရောင်စို မျက်နှာနုနုကလေး တင်းခနဲ ဖြစ်သွားသည် ။

"နင်နဲ့ ငါ နှစ်ယောက် သွားနေတဲ့ ဟာ င့ါနောက်ကို လိုက်မှန်း ဘယ်လိုလုပ် သိသလဲ"

နံ့သာက မျက်စကလေးပစ်ပြီး ပြုံးရင်း

"သိဆို သူက သူက င့ါမောင် တစ်ဝမ်းကွဲ ဖြစ်နေတာကိုး စိုရဲ့ "

"ဘာ နင်တို့ အမျိုးတွေက ကုန် မကုန်နိုင်ဘူး"

ပြောရင်းက ထက်ကိုကို သတိရမိကာ အံကြိတ်မိသည် ။ ထက်ကိုလည်း နံ့သာအမျိုးပဲ မဟုတ်လား။

နံ့သာ အမျိုးဆိုလျှင် ဟိတ်ကြီး ဟန်ကြီးထဲကမို့ ဒီတစ်ယောက်လည်း ဒီအတိုင်းနေမှာ ပဲဟု တွေးမိသည် ။

"ဒီတစ်ယောက်က မာန်မာန မရှိဘူး၊ ဒါပေမဲ့ ဂျစ်ကန်ကန် နိုင်တယ်

"

စိုက နှုတ်ခမ်းကို လှပစွာ မဲ့လိုက်ရင်း

"အဲဒါ စကားလုံးလှအောင် သုံးထားတာပါ၊ ရိုင်းတာက ရိုင်းတာပဲ၊ ထက်ကိုလည်း ဘာထူးလဲ၊ သိပ်တင်စီးတာ"

ဒေါသစိတ်ကြောင့် စို ခြေလှမ်းတွေက မြန်ဆန်နေသည် ။ နံ့သာ မီအောင် လိုက်နေရတာ မသက်သာလှမှာ သေချာ၏။

"နင် ယောက်ျားတွေကို အရမ်း မုန်းတီး သွားပြီလား ဟင်"

မောင်ဖြစ်သူကို မသိမသာ ငဲ့ကြည့်ရင်း အသိချင်ဆုံး အရာကို မေးခွန်း ထုတ်မိသည် ။

"ခက်ခက်ထန်ထန် ယောက်ျားဆိုရင် မုန်းတီးနေမိတာ အမှန်ပဲ မလွဲသာလို့ ယောက်ျား ယူရရင်တောင် သိမ်မွေ့ဖြူစင်တဲ့ ယောက်ျားကိုပဲ လက်ထပ်ဖို့ ရွေးချယ်မှာ "

"ဟယ် ဒါ ဆိုရင်တော့ ငါတို့ အမျိုးထဲမှာ ရှိတယ်"

နံ့သာက အားရဝမ်းသာ အမူအရာနှင့် ဆိုနေပြန်တော့ စိုတစ်ယောက် တွန့်ခနဲ ဖြစ်သွားကာ

"တော်ပါတော့ နံ့သာရယ်၊ နင်တို့ အမျိုးဆိုရင် ကြောက်လွန်းလို့ ဝေးဝေးက ရှောင်ပါရစေ၊ ဒီပုတ်ထဲက ဒီပဲပဲနေမှာ ပါ"

နံ့သာက ပြန်လည် ဖြေရှင်းပြဖို့ ကြိုးစားနေဆဲမှာ

"မမနံ့သာ"

နောက်နား ခပ်ခွာခွာက တစ်ချိန်လုံး လိုက်လာနေသော ပိုင်ပိုင်က နံ့သာ နောက်နား ရောက်လာသည် ။

ပိုင်ပိုင်ဆိုသော ကောင်လေးကို ရှုပ်ယှက်ခတ်နေသော ဝတ်စား ဆင်ယင်မှုနှင့် ခေတ်ရှေ့ပြေး နေသည် ဟု ထင်မိသည် ။

စူးရှရှ မျက်ဝန်းတွေက ရဲတင်းပြီး မြရောင်စို ထံတွင် စူးနစ်စွာ ကျရောက်နေသည် ။

"မမနံ့သာ ခဏနေပါဦး"

"ဘာလဲ ပိုင်ပိုင်"

"မမတို့ ဘယ်သွားကြမှာ လဲ"

"ဒီနားလေးတင်ပါ နင်က ဘာလုပ်မလို့ လဲ"

"ဟို အချိန်ရလားဟင်"

"ရပါတယ် ဘာလုပ်မလို့ လဲ"

"အဟင်း တစ်ခုခု လိုက်စားပါလား။ ကျွေးချင်လို့ လိုက်ခဲ့ပါနော်"

နံ့သာကို ပြောနေပေမဲ့ ပိုင်ပိုင် ရည်ရွယ်ချက်က စိုဆီမှာ ရှိနေတာ သိနေ၏။ နံ့သာက စို့ကို ကြည့်ရင်း ဘယ်လိုလဲ ဟူသော သဘောဖြင့် မေးထိုးပြသည် ။

"စို ခဏ လိုက်သွားရအောင်ဟာ နော်"

"ဟင့်အင်း သွားစရာ ရှိသေးတယ်"

"ကိစ္စရှိလည်း သွားပါ၊ ရပါတယ် မမ ကြုံမှ ပဲ ပိုင် ကျွေးတာပေ့ါ၊ ဒါပေမဲ့ ဒီနေ့ ပိုင် မုန့်ဖိုး တစ်လစာ ထုတ်လာတယ်၊ နောက်ရက်တွေ ဆိုရင်တော့ မလွယ်ဘူး၊ နောက်တစ်လ ဖြစ်သွားမယ် ထင်တယ်"

ကောင်းမွန် ပြေပြစ်စွာ ဆိုနေသော လူငယ်လေးကို ငြင်းဆန်ဖို့ အခက် တွေ့သွားရသည် ။

နံ့သာတို့ မိသားစု အသိုင်းအဝိုင်းက ချမ်းသာ ကြွယ်ဝသူတွေမို့ ကိုယ့်ကိုယ်ကိုယ်တော့ အထင်ကြီးတတ် ကြသည် ။

ကိုယ်တိုင် ခံစားခဲ့ရသူပီပီ နောက်ထပ် မခံစားချင်တော့ပါ။

"နောက်တစ်ခါ ကြုံမှ ပဲ ကျွေးတော့ပေါ့ မောင်လေး၊ တို့ တကယ် အချိန်မရတာ"

လှပ စွဲမက်ဖွယ် ကောင်းသော အပြုံးနှင့် အသံချိုသာသာလေးကြောင့် ပိုင်ပိုင် ကျေနပ် သွားသည် ။

သူ့ရဲ့ အဓိက ရည်ရွယ်ချက်က မြရောင်စိုနှင့် ရင်းနှီးခွင့်ရဖို့ ဖြစ်၏။

ရက်ရက်စက်စက် လှပလွန်းသော သူမသည် ပိုင်ပိုင် နှလုံးသားထဲတွင် စိုးမိုးထားခဲ့ခြင်း ဖြစ်သည် ။

"မနက်ဖြန် ကျွန်တော့်မွေးနေ့၊ ဘုန်းကြီးဆွမ်း ကပ်မှာ ၊ မမနံ့သာနဲ့ အတူတူ လိုက်ခဲ့ပါလား မမစို"

စို မျက်နှာ တစ်ဖက်လှည့်ကာ ခပ်မဲ့မဲ့ပြုံးမိသည် ။

ဒါပဲလေ

နည်းနည်းလေး အလျှော့ပေးလိုက်တာနဲ့ ဒီလိုနည်းနဲ့ အခွင့်အရေးတွေ ယူလာမယ် ဆိုတာကို ကြိုသိနေပြီးသား။

"စို"

"ဟင်"

"သွားစရာ ရှိတယ်ဆို သွားတော့လေ၊ တို့ က ပိုင်ပိုင်နဲ့ ခဏ လိုက်သွားဦးမယ်၊ အဲ မနက်ကျရင်တော့ ပိုင့်မွေးနေ့သွားဖို့ လာခေါ်မယ် နော်"

နားအေးရင် ပြီးရောဆိုသည့် သဘောနှင့် စို ခေါင်းညိတ် ကတိပေး လိုက်သည်။ နောက် ပြဿနာ နောက်မှ ပဲ ရှင်းမည်ဟု တွေးနေမိသည် ။

"ကျေးဇူးတင်တယ် မမစို၊ ကျွန်တော် ဒီည အိပ်လို့ တောင် ရတော့မှာ မဟုတ်တော့ဘူး၊ သွားတော့မယ်နော်"

ပိုင်ပိုင်က သွားတက်ကလေးတွေ ပေါ်အောင် ပြုံးရယ်လိုက်ရင်း တက္ကစီကို လှမ်းတားလိုက်သည်။

သူ့ပုံစံလေးက ခေတ်ရှေ့ပြေးပြီး ဟော့ရှော့ ဖြစ်နေပေမဲ့ အပြောအဆို အမူအရာက သိပ်ပြီး မရိုင်း အပြုံးချိုချိုလေးနှင့် သူတစ်ပါး နှစ်လိုအောင် ဆွဲဆောင်နိုင်သည်။

ဒီကောင်လေး ရုပ်ရည်ကလေးက အချောစားလေးမို့ ရည်းစားတွေ လည်း ထည်လဲတွဲမည့်ပုံ ရှိသည်။

ဒါပေမဲ့ ရုပ်ချောတာလေး မြင်တိုင်း သဘောကျတတ်တဲ့ အထဲမှာ မြရောင်စို မပါဘူး ဆိုတာတော့ စဉ်းစားစရာပင် မလို။

"သွားပြီနော် စို စိတ်မဆိုးဘူး မဟုတ်လား"

နံ့သာက ကားတံခါးကို ဖွင့်ရင်း စို့ကို လှမ်းနှုတ်ဆက် နေသည်။

စို စိတ်ထဲမှာ မဆီမဆိုင် စကားကြောင့် တစ်မျိုးကြီး ဖြစ်သွားသည်။

"အဲဒီလောက်အထိ စို သဘောထား မသေးပါဘူး နံ့သာရယ်၊ မောင်နှမနှစ်ယောက် လွတ်လွတ်လပ်လပ် သွားကြပါ"

"ဟော့စို မနက်ကျရင် အသင့် စောင့်နေနော်"

"မမစို လာဖြစ်အောင် လာခဲ့နော်"

နံ့သာနှင့် ပိုင်ပိုင်က ကားပေါ်ကနေ လှမ်းအော် သွားသေး၏။

ပိုင်ပိုင် အမူအရာတွေထဲမှာ စို့အပေါ် အလေးထားမှုတွေ ရှိနေတာကို သတိထားမိသည် ။

စို ဘာမှ ပြန်မပြောဖြစ်ဘဲ ဆက်လျှောက် လာခဲ့သည် ။

နံ့သာတို့ ကို တင်ဆောင်သွားသော လိမ္မော်ရောင် တက္ကစီလေးက စို့ ဘေးနားမှာ ဖြတ်မောင်း သွား၏။

ဟန်ဆောင်ပြုံးပြ နေရတာကို စို တကယ် စိတ်ပျက်မိတာပါ။ အခုမှ ပဲ စိတ်ကျဉ်းကျပ် ရတာတွေ ပြေပျောက် သွားသည် ။

ညနေဆည်းဆာ အချိန်တွင် အဝါရောင် တီရှပ်ပွပွနှင့် အဝါရောင်တွ င် အညိုရောင် ရောထွေး ထားသော စကတ်ရှည်ကို ဝတ်ဆင်ထားသည် ။

ပခုံးသာသာ မညီညာ ဆံပင်များကို ဖြန့်ချထားသည့် စို့ပုံစံလေးက လွတ်လပ် ပေ့ါပါးနေသည် ။

နံ့သာလို မြန်မာဆန်ဆန် ဝတ်စုံတွေကို ချပ်ချပ်ရပ်ရပ် မဝတ်ဆင်ဘဲ စပို့ရှပ်တွေ၊ တီရှပ်တွေ၊ စကတ်တွေကိုသာ စွဲစွဲမြဲမြဲ ဝတ်ဆင် တတ်တာ က စို့ အကျင့်ပဲ ဖြစ်သည် ။

ဘဝပေး ကုသိုလ်က ကောင်းသည် ဟု ဆိုရမလားမသိ စို့မျက်နှာ လေး ကတော့ မြင်သူတကာကို စွဲလမ်းစေ၏။

မပြင်မဆင်ဘဲ ခြယ်သမှု ကင်းသည့် မျက်နှာလေးက အမြဲတမ်း လှပ ဝင်းမွတ်နေသည် ။

ခင်မင် ရင်းနှီးသူတွေက သိပ်လှတာပဲဟု နှုတ်မှ ထုတ်ဖော် ချီးကျူး

ရလောက်အောင် စိုက လှပါသည် ။

စို့ကို ပြောဆိုနေတဲ့ ချီးကျူးခြင်းတွေကို ကြားနေရပေမဲ့ စို မပျော်နိုင်ပါ။

ထိုအလှကြောင့်ပင် နှလုံးသားမှာ အနာတရ ဖြစ်ခဲ့၏။ သူမကို မြင်တိုင်း အငမ်းမရ ကြည့်တတ်တဲ့ ယောကျ်ားတချို့ကို တွေ့တိုင်း စိတ်ရှုပ်ထွေးရသည် က အမှန်။

တစ်ခါ တစ်ခါ

ရည်းစား ထည်လဲတွဲပြီး ယောကျ်ားတွေရဲ့ အသည်းကို ခွဲပစ်ချင်စိတ်ပင် ပေါက်မိသည် ။

ဒါပေမဲ့ စိုက မျက်နှာများ တတ်တဲ့ မိန်းကလေးမျိုး မဟုတ်။ ကိုယ့်ကြောင့် သူတစ်ပါး စိတ်ထိခိုက် ရမှာ မျိုးကိုလည်း မလိုလားပါ။

စို့ရဲ့ ဘဝပေး ကုသိုလ်ဟု သာ မှတ်ယူရင်း ...။

***